# မြန်မာအာဏာပိုင်များမှ ကိုဆွေဝင်းအပေါ် အမှုစွဲဆိုချက်ကို ပယ်ဖျက်ပြီး အသရေဖျက်မှုကို ရာဇဝတ်မှုအဖြစ်မှ ဖျက်သိမ်းပေးရန်

## ပူးတွဲထုတ်ပြန်ချက်

၂၀၁၉ ခုနှစ် မတ်လ ၇ ရက်

*Myanmar Now* အွန်လိုင်းသတင်းစာ အယ်ဒီတာဖြစ်သူ ကိုဆွေဝင်းအား အသရေဖျက်မှုဖြင့် တရားစွဲထားခြင်း ၂နှစ် ပြည့်ချိန်တွင် အောက်ပါလက်မှတ်ထိုးထားသည့် မိမိတို့ အရပ်ဘက်လူထု အဖွဲ့အစည်း (၇၇)ဖွဲ့က ၎င်းအပေါ် စွဲဆိုထားသည့် စွဲဆိုချက်ကို ပယ်ဖျက်ပေးပါရန် သက်ဆိုင်ရာ အာဏာပိုင်များအား တောင်းဆိုလိုက်ပါသည်။ ၂၀၁၇ ခုနှစ် မတ်လ ၇ ရက်နေ့တွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ချိုးနှိမ်ရန် ရည်ရွယ်ချက်ဖြင့် အစွန်းရောက် အမျိုးသားရေးဝါဒီများက ကိုဆွေဝင်းအား ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ) အရ အသရေဖျက်မှုဖြင့် လီဆယ် စွဲချက်တင်ခဲ့သည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် အသရေဖျက်မှုကို ရာဇဝတ်မှု အဖြစ် မသတ်မှတ်ရန် လည်းကောင်း၊ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ) အား ပယ်ဖျက်ပေးရန်လည်းကောင်း၊ ယင်းဖိနှိပ်ရေးဥပဒေဖြင့် အရေးယူခံရသဖြင့် လက်ရှိ ထောင်ထဲတွင် အကျဉ်းချခံနေရသူများနှင့် တရားစွဲဆိုခံနေရသူများ စသည့် တက်ကြွလှုပ်ရှားသူများနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ အားလုံးကို ပြန်လွှတ်ပေးရန် နှင့် စွဲဆိုထားသည့် အမှုများအား ရုပ်သိမ်းပေးရန် လည်းကောင်း မြန်မာနိုင်ငံ၏ လွှတ်တော်မှ အခိုင်အမာ ခြေလှမ်းများဖြင့် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၂၀၁၃ ခုနှစ် ဆက်သွယ်ရေးဥပဒေ၏ ပုဒ်မ ၆၆(ဃ) ကို ၂၀၁၇ ခုနှစ်တွင် ပြင်ဆင်ခဲ့သော်လည်း အသရေဖျက်မှုမှာ ရာဇဝတ်မှုအဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်ပြီး ထောင်ဒဏ် ၂ နှစ်အထိ သို့မဟုတ် ငွေဒဏ် ၁၀ သိန်းကျပ်အထိ သို့မဟုတ် ပြစ်ဒဏ်နှစ်ရပ်စလုံးကို ကျခံရနိုင်ပါသည်။ မြန်မာနိုင်ငံတွင် လွတ်လပ်စွာ ပြောဆိုခွင့်ကို ချိုးနှိမ်ရန်နှင့် ဝေဖန်သူများကို နှုတ်ပိတ်ထားနိုင်ရန်အတွက် ယင်းဥပဒေကို မကြာခဏ အသုံးပြုနေဆဲ ဖြစ်ပါသည်။ ယနေ့ကာလအထိ ပုဒ်မ ၆၆(ဃ) ဖြင့် တရားစွဲခံရသော အမှုပေါင်း ၁၇၃ မှုရှိပါသည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီက ကမ္ဘာ့နိုင်ငံများအားလုံးအား အသရေဖျက်မှုကို ရာဇဝတ်မှုအဖြစ်မှ ပယ်ဖျက်ရန် တောင်းဆိုခဲ့ပြီး ထိုသို့တောင်းဆိုရာတွင် အသရေဖျက်မှုကြောင့် ထောင်သွင်းအကျဉ်းချခြင်းမှာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် သဟဇာတမဖြစ်သည့်အပြင် လုံးဝမသင့်လျော်သော ပြစ်ဒဏ် တစ်ခုဖြစ်ကြောင်း ရည်ညွှန်းပြောဆိုခဲ့သည်။ လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်အား ကာကွယ်မြှင့်တင်ရေးဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်ကလည်း အသရေ ဖျက်မှုကို ရာဇဝတ်မှုအဖြစ်ထက် တရားမမှုအဖြစ်လောက်သာ သတ်မှတ်သင့်သည်ဟု ပြောခဲ့သည်။ အသရေဖျက်မှုအတွက် ရာဇဝတ်ကြောင်းအရ တရားစွဲဆိုခြင်းသည် နိုင်ငံရေးဆင်ဆာဖြတ်ခြင်း

ယန္တရားတစ်ခုအဖြစ် မလွဲမသွေရောက်လာတတ်ကြောင်း၊ ယင်းမှာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ စာနယ်ဇင်းလွတ်လပ်ခွင့်တို့နှင့် ဆန့်ကျင်ဘက် ဖြစ်နေကြောင်း အလေးထား ထောက်ပြခဲ့ပါသည်။ ထို့မျှသာမက ပုဒ်မ ၆၆(ဃ) အမှုတွင် မြန်မာနိုင်ငံဥပဒေ၌ အသရေဖျက်ခံရသူ၏ ကိုယ်စားလှယ်အဖြစ် အခြားသူများမှ ၎င်းကိုယ်စား အသရေဖျက်မှုကို တရားစွဲဆိုခွင့်ရထားပြီး ၎င်းအသရေဖျက်ခံရသူ ကိုယ်စား တရားရုံးလုပ်ငန်းများ ဆောင်ရွက်ခွင့်ပေးထားပါသည်။ ဤသည်မှာ လက်တွေ့ အားဖြင့် အင်အားကြီး အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များအနေဖြင့် ၎င်းတို့အတွက် အနှောင့်အယှက်ဟု ယူဆသူများကို ပစ်မှတ်အဖြစ် သဘောထားကာ ကိုယ်စားလှယ်များမှတစ်ဆင့် တရားစွဲရန်လုပ်ဆောင် နိုင်သည့် သဘောဖြစ်ရာ စွပ်စွဲခံရသော ပုဂ္ဂိုလ်များအတွက် ဆိုးဝါးသည့် ထိခိုက်မှုများရှိစေသည့် တရားရေးဆိုင်ရာ နှောင့်ယှက်ထိုးနှက်မှု ပုံစံတစ်မျိုး ဖြစ်နေပါသည်။

ကိုဆွေဝင်းမှာ *Myanmar Now* မှ သတင်းတစ်ပုဒ်ကို *Facebook* ပေါ် တင်ခဲ့သည့်အတွက် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ) အရ အသရေဖျက်မှုဖြင့် တရားစွဲဆိုခြင်းခံခဲ့ရသည်။ ထိုသတင်း ထဲတွင် ဝါတော်ရ ရဟန်းတစ်ပါး၏စကားကို ကိုးကားကာ လူသိများသော အမျိုးသားရေး အစွန်းရောက် ဘုန်းကြီး ဦးဝီရသူ၏ လုပ်ရပ်များမှာ ဗုဒ္ဓတရားတော်လာ စည်းမျဉ်းများကို ချိုးဖောက်နေခြင်း ဖြစ်သောကြောင့် ၎င်းအား သာသနာမှ ထုတ်ပယ်နိုင်သည်ဟု ရေးသားထားသည်။ *Facebook* မှတစ်ဆင့် မွတ်စလင်ဆန့်ကျင်ရေးများ လုပ်ဆောင်နေခဲ့သည့် နာမည်ဆိုးထွက်ခဲ့သော ဦးဝီရသူသည် ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် ရှေ့နေ ဦးကိုနီအား သေနတ်ဖြင့် လုပ်ကြံပစ်သတ်ခဲ့သူ၊ မကြာသေးမီက ပြစ်ဒဏ်ချမှတ်ခံရသူ ဦးကြည်လင်းအား ထောက်ခံကြောင်း နှင့် ကျေးဇူးတင်ကြောင်း ဖော်ပြခဲ့ဖူးသူလည်း ဖြစ်ပါသည်။ ဦးကိုနီသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို နှံ့စပ် ကျွမ်းကျင်သူတစ်ဦးဖြစ်ပြီး စစ်တပ်က ရေးဆွဲခဲ့သည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြောင်းလဲနိုင်ရန် ကြိုးစားခဲ့သူတစ်ဦးလည်း ဖြစ်ပါသည်။ ဦးဝီရသူ၏ တပည့်ဖြစ်သူ တရားလိုက ၂၀၁၇ ခုနှစ် မတ်လတွင် ကိုဆွေဝင်းအား တရားစွဲဆိုခဲ့ပြီး တရားရုံး ကြားနာမှုများကို ၂၀၁၇ ခုနှစ် ဇူလိုင်လ၌ စတင်ခဲ့သည်။

ထိုနောက်ပိုင်းတွင် ကိုဆွေဝင်းမှာ မိမိနေထိုင်သည့် ရန်ကုန်မှ တရားစွဲဆိုရာ မန္တလေးတရားရုံးသို့ အသွားအပြန် ကီလိုမီတာ ၁၂၀၀ ကျော်ရှိသည့်ခရီးကို သွားလိုက် ပြန်လိုက် ခရီးသွားနေခဲ့ရသည်။ ယခုအခါ ရုံးချိန်းပေါင်း ၅၅ ကြိမ်၊ အချိန်ကာလအရ နှစ်နှစ်နီးပါးကြာ မြင့်နေပြီ ဖြစ်သော်လည်း တရားရုံးမှာ တရားလိုဘက်ကိုသာ ကြားနာရသေးပြီး ယင်းတရားလိုဘက်ကလည်း တရားရုံး လုပ်ငန်းကို နှောင့်နှေးအောင် တောက်လျှောက် လုပ်နေခဲ့ပါသည်။ တစ်ခါတရံ ကိုဆွေဝင်းမှာ ရန်ကုန်မှ ထွက်လာခဲ့ပြီးနောက် တရားရုံးရောက်မှ တရားလိုမှာ တရားရုံးသို့လာရောက်ရန် ပျက်ကွက်သောကြောင့် ကြားနာလျှောက်လဲမှုများကို ရွှေ့ဆိုင်းလိုက်ကြောင်းသိရသည့် ဖြစ်ရပ်များလည်း ရှိခဲ့ပါသည်။ တရားလို ကိုယ်တိုင်မှာ ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် အဖမ်းခံခဲ့ရပြီး ထိန်းသိမ်းခံခဲ့ရသဖြင့် တရားရုံးလုပ်ငန်း၌ အထူး နှောင့်နှေးမှုများ ဖြစ်ခဲ့ပါသည်။

ဦးဝီရသူကို တရားရုံးသို့ နှစ်ကြိမ်ဆင့်ခေါ်ခဲ့သော်လည်း လာရောက်ရန်ပျက်ကွက်ခဲ့ပါသည်။ ပထမအကြိမ်တွင် ၎င်း၏ရှေ့နေက ဦးဝီရသူသည် အလှူပွဲတစ်ခုသို့ ကြွရောက်နေသဖြင့် မလာနိုင်ကြောင်း အသိပေးခဲ့သည်။ ဒုတိယအကြိမ်တွင် ဦးဝီရသူ၏ရှေ့နေက ကြားနာမှုကို ၎င်း၏ဘုန်းကြီးကျောင်းဝင်းတွင် လုပ်ခွင့်ပေးရန် ပန်ကြားခဲ့သည်။ ယင်းပန်ကြားချက်ကို မြို့နယ်တရားရုံးက ငြင်းပယ်ခဲ့သော်လည်း ဦးဝီရသူက ထိုထက်မြင့်သော ခရိုင်တရားရုံးသို့ အယူခံဝင်ခဲ့ရာ ယခုအခါ ခရိုင်တရားရုံးမှလည်း ထိုပန်ကြားချက်ကို ပယ်ချခဲ့ပြီးဖြစ်ပါသည်။ ခရိုင်တရားရုံးက ၎င်း၏ပန်ကြားချက်ကို စဉ်းစားနေစဉ် ကာလအတွင်း မြို့နယ်တရားရုံး အနေဖြင့် မည်သည့် ကြားနာမှုကိုမျှ လုပ်ဆောင်နိုင်ခြင်းမရှိပေ။ သို့သော် ကိုဆွေဝင်းမှာမူ နောက်လာမည့် ရုံးချိန်းရက်ကို သိနိုင်ရန် မြို့နယ်တရားသူကြီးရှေ့မှောက်သို့ နှစ်ပတ်တစ်ခါ မျက်နှာသွားပြနေခဲ့ရပါသည်။ ယေဘူယျအားဖြင့် မိနစ်အနည်းငယ်မျှသာ ကြာမြင့်သော ဤလုပ်ထုံးလုပ်နည်းအတွက် ကိုဆွေဝင်းအနေဖြင့် ရန်ကုန်မြို့မှ မန္တလေး မြို့အထိ ခရီးသွားလာနေခဲ့ရပါသည်။

ဤအမှု၏ မဆီလျော်မှုအများအပြားက မြန်မာနိုင်ငံတရားစီရင်ရေးစနစ်၏ လွတ်လပ်မှုကင်းမဲ့နေပုံကို မီးမောင်း ထိုးပြနေသည်။ အာဏာပိုင်များသည် ဆိုးဝါးသည့်ပြစ်မှုများကို ကျူးလွန်သူတို့အား အရေးယူ ရမည့်အစား ၎င်းတို့အား စိတ်အနှောင့်အယှက်ဖြစ်စေမည့် အမှန်တရားများနှင့် ပြစ်မှုများကို ဖော်ထုတ်ရန် ကြိုးစားနေသူများအား ပစ်မှတ်ထားရန် ဆုံးဖြတ်ထားပုံရပါသည်။ အန္တရာယ်ရှိသောစကားဖြန့်ချိခြင်းနှင့် အကြမ်းဖက်မှု လှုံ့ဆော်ခြင်းတို့ကို လုပ်ဆောင်ခြင်းအတွက် တာဝန်ရှိသူများမှာ မည်သည့်ပြဿနာမှ မရင်ဆိုင်ရသော်လည်း ယင်းကဲ့သို့ အန္တရာယ်ရှိသောလုပ်ရပ်များကို ဝေဖန်ရှုတ်ချသူများမှာမူ တရားစွဲခံ နေရဆဲဖြစ်သည်။ အလားတူ မကြာသေးမီက အမှုတစ်ခုတွင်လည်း မမှန်ကန်သော လုပ်ထုံးလုပ်နည်း များဖြင့် Reuters သတင်းထောက် နှစ်ဦးဖြစ်သည့် ဝလုံးနှင့် ကျော်စိုးဦး တို့ကို ထောင်ဒဏ် ၇ နှစ်စီ ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ထိုသတင်းထောက်နှစ်ဦးသည် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် မြန်မာစစ်တပ်မှ ရိုဟင်ဂျာလူမျိုးများအား အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကို ဖော်ထုတ်ခဲ့ခြင်းကြောင့် ပြစ်ဒဏ်ချခံရခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် စစ်ရာဇဝတ်မှုများ၊ လူမဆန်သည့်ရာဇဝတ်မှုများနှင့် လူမျိုးတုံးသတ်ဖြတ်မှုများ ကျူးလွန်သည်ဟု ကုလသမဂ္ဂ စုံစမ်းစစ်ဆေးသူများက စွပ်စွဲထားသော ရာထူးကြီး စစ်ခေါင်းဆောင်များမှာ လွတ်မြောက်နေဆဲဖြစ်ပြီး အမှန်တရားဖွင့်ချသူ၊ နိုင်ငံတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို သတင်းပို့သူ သတင်းထောက်များမှာမူ ဖိနှိပ်ရေးဥပဒေများဖြင့် တရားစွဲခံနေကြရပါသည်။ မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီ ပန်းတိုင်ဆီသို့ ဆက်လက်လျှောက်လှမ်းမည်ဆိုပါက ယင်းသို့ ပြောင်းပြန်ဖြစ်နေသည့် တရားစီရင်ရေးကို အဆုံးသတ်ရန် လိုအပ်ပါသည်။

ပုဒ်မ ၆၆(ဃ) တည်ရှိနေသရွေ့ မြန်မာနိုင်ငံရှိ အရပ်သားပြည်သူများ အထူးသဖြင့် အင်အားကြီးလူပုဂ္ဂိုလ်များ၊ အရာရှိများနှင့် အစိုးရမူဝါဒများကို အွန်လိုင်းတွင်ဝေဖန်သူများသည် ၎င်းတို့၏လွတ်လပ်စွာ

ထုတ်ဖော်ပြောဆိုခွင့်ကို ငြိမ်းချမ်းစွာကျင့်သုံးခြင်းကြောင့် ထောင်ဒဏ်ကျခံရမည့်အန္တရာယ် ရှိနေမည်ဖြစ်သည်။

အထက်ဖော်ပြပါအချက်များအရ မိမိတို့မှ မြန်မာအစိုးရနှင့် သက်ဆိုင်ရာအာဏာပိုင်များကို အောက်ပါ အတိုင်း တိုက်တွန်းလိုက်ပါသည်

- ကိုဆွေဝင်းနှင့် အခြားတက်ကြွလှုပ်ရှားသူများ၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ အပေါ် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ) ဖြင့် အသရေဖျက်မှုစွဲချက်များအား ရုပ်သိမ်းပေးရန်နှင့် ယင်းဖိနှိပ်ရေးဥပဒေဖြင့် အရေးယူခံရကာ လတ်တလော ထောင်ကျနေသူများအား လွှတ်ပေးရန်၊

- ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ) ကို ဖျက်သိမ်းရန် သို့မဟုတ် အနိမ့်ဆုံးအားဖြင့် ပြင်ဆင်ခြင်းဖြင့် ယခုကဲ့သို့အာမခံစေရန်–

  - "အသရေဖျက်ခြင်း" ဟု ရည်ညွှန်းချက်နှင့်၊ "နှောင့်ယှက်ခြင်း"၊ "မလျော်သြဇာသုံးခြင်း" အပါအဝင် ဝေဝါးသောစကားရပ်များအား ပယ်ဖျက်ခြင်းဖြင့် အသရေဖျက်မှုကို ရာဇဝတ်ပြစ်မှု မမြောက်စေရန်၊
  - အစိုးရ၏ တရားစွဲအရာရှိများကသာ ပုဒ်မ ၆၆(ဃ) အရ ရာဇဝတ်မှုဖြင့် တရာစွဲဆိုခွင့်ရှိရေး၊
  - ဥပဒေတွင်"ခြောက်လှန့်တောင်းယူခြင်း" နှင့် "ခြိမ်းခြောက်ခြင်း" ကဲ့သို့ သိသာထင်ရှားသော ရာဇဝတ်မှုလုပ်ရပ်များ ဖြစ်ပေါ်လာပါက နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့်အညီ ရှင်းလင်း တိကျစွာ အဓိပ္ပါယ်ဖွင့်ဆို၍ ငြိမ်းချမ်းစွာ သဘောထားအမြင် ထုတ်ဖော်ခြင်းများအား ရာဇဝတ်မှု အဖြစ် အသုံးမချရေး အာမခံစေရန်။

**ထောက်ခံလက်မှတ်ရေးထိုးသော အဖွဲ့များ –**

1. Progressive Voice
2. Athan – Freedom of Expression Activist Organization
3. Swedish Burma Committee
4. Protection Committee for Myanmar Journalists
5. Youth Circle
6. Halcyon
7. Burma Monitor
8. Southeast Asian Press Alliance (SEAPA)
9. Citizen Action For Transparency
10. The Seagull: Human Rights, Peace & Development
11. Association of Human Rights Defenders and Promoters

12. Human Rights Foundation of Monland
13. ASEAN Parliamentarians for Human Rights
14. Info Birmanie
15. PEN America
16. Myanmar Cultural Research Society
17. Minhla Youth Centre
18. Burma Human Rights Network
19. Karen Human Rights Group
20. The Swedish Rohingya Association
21. Odhikar
22. Front Line Defenders
23. SYNERGY (Social Harmony Organization)
24. Civil Rights Defenders
25. Society for Threatened Peoples – Germany
26. Equality Myanmar
27. Assistance Association for Political Prisoners
28. Generation Wave
29. Oway Education and Youths Institute
30. Yangon Youth Network
31. Future Light Center
32. Nyan Lynn Thit Analytica
33. အလင်းစေတမန်
34. Karen Student Network Group
35. Asian Forum for Human Rights and Development (FORUM–ASIA)
36. Fortify Rights
37. International Commission of Jurists
38. Karenni Human Rights Group
39. Action Committee for Democracy Development
40. ရွှေခြံမြေကွန်ရက်၊ ကွမ်းခြံကုန်း ၊ ရန်ကုန်တိုင်းဒေသကြီး။
41. လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးကွန်ရက်၊ ချောက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး။
42. အလုပ်သမားအဖွဲ့ဖွဲ့စည်းပေါ်ပေါက်ရေးနှင့် အမျိုးသမီးအခွင့်အရေးအသိပညာပေးရေး ပဲခူးကွန်ရက်၊ ပဲခူးတိုင်းဒေသကြီး။
43. တောင်သူလယ်သမားများနှင့် ရေလုပ်သားများ အကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေးကွန်ရက်၊ မြစ်ကျိုးတိုက်နယ်၊ ပဲခူးတိုင်းဒေသကြီး။
44. ဥသျှစ်ပင် လူငယ်ကွန်ရက်၊ ဥသျှစ်ပင်မြို့၊ ပန်းတောင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။

45. တောင်သူလယ်သမားများဥပဒေအထောက်အကူပြု ကွန်ရက်၊ မြောက်ဦးမြို့နယ်၊ ရခိုင်ပြည်နယ်။
46. မွန်လူငယ်ကွန်ရက်၊ ရေးလမိုင်း၊ မွန်ပြည်နယ်။
47. လူမှုဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးကွန်ရက်၊ ပေါင်မြို့နယ်၊ မွန်ပြည်နယ်။
48. Ramkhye – ရမ်းခေး မြစ်ကြီးနား ကွန်ရက်၊ မြစ်ကြီးနား၊ ကချင်ပြည်နယ်။
49. Justice Drum ကွန်ရက်၊ ရှမ်းပြည်နယ်တောင်ပိုင်း။
50. ရပ်ရွာငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးရှေ့ဆောင်အဖွဲ့၊  ကလေးမြို့နယ်၊ ကလေးခရိုင်၊ စစ်ကိုင်းတိုင်း။
51. ဒို့လယ်ယာကွန်ရက်၊ အင်္ဂပူမြို့နယ်၊ ဟင်္သာတခရိုင်၊ ဧရာဝတီတိုင်း။
52. Free Expression Myanmar
53. Olive Organization
54. Myanmar Media Lawyers' Network
55. The Students’ Era
56. Metta Development Foundation
57. Paung Ku
58. COMREG
59. University Teachers' Association
60. Dawei Development Association
61. Burmese Women's Union
62. Cambodia Center for Independent Media
63. National Union of Journalists in the Philippines
64. Philippines Center for Investigative Journalism
65. Women Peace Network
66. Public Legal Aid Network
67. The International Women's Partnership for Peace and Justice
68. Myanmar People Alliance (Shan State)
69. Yangon Watch
70. Human Rights Educators Network
71. Burma Campaign UK
72. Human Rights Watch
73. Olof Palme International Center
74. Swedish Peace and Arbitration Society
75. The National Council of Swedish Youth Organisations
76. The Swedish Foundation for Human Rights
77. Christian Solidarity Worldwide